# အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

၇-၈-၂၀၂၃ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြန်မာ-ထိုင်းကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်း အချို့ ပျက်စီးမှုများဖြစ်ပေါ်သဖြင့် ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် မြဝတီနယ်စပ်မှ တင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရရှိပြီးသောပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ မည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲ တင်ပို့ခွင့်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါကလည်း ပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

အလားတူ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် မြဝတီနယ်စပ်မှ တင်သွင်းရန် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီး သောပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ မည်သည့်ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်သွင်းလိုပါက ကိစ္စရပ်တစ်ခုချင်းအပေါ်မူတည်၍ စိစစ်ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

# Public Announcement

Date: August, 2023

Due to the landslides, some parts of the road along the Thailand-Myanmar trade route are currently in the process of repair.

During this period, in order not to hamper trade, exporters who have obtained export license at the Myawaddy border post, will be allowed to change the post if they want to export from any other trade posts on the Myanmar-Thailand border. And exporters will also have the option to switch to sea trade if they wish to do so.

For importation, importers who have obtained import license at the Myawaddy border post, will be allowed to change the post if they want to import from any other trade posts on the Myanmar-Thailand border. If importers want to import from sea trade, the applications will be scrutinized and allowed on a case-by-case basis.

Department of Trade